# သမတအိမ်တော်၊ ရန်ကုန်မြို့

# ၁၉၅၇ ခုနှစ်၊ ကရင်ပြည်နယ်နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေးအက်ဥပဒေ။

**[၁၉၅၇ ခုနှစ်၊ ကရင်ပြည်နယ်အက်ဥပဒေ အမှတ် ၃။]**

**၁၃၁၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်။**

**(၁၉၅၇ ခုနှစ်၊ စက်တဘာလ ၂၇ ရက်။)**

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ၊ အောက်ဖေါ်ပြပါ အက်ဥပဒေကို ထုတ်ပြန်ကျေညာသည်။

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁၉၅၇ ခုနှစ်၊ စက်တဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ်အတွက်နောက်ထပ် ဘဏ္ဍာတော် ငွေခွဲဝေသုံးစွဲခြင်း။

၁။ ။ (၁) ကရင်ပြည်နယ်အစိုးရ၊ ဘဏ္ဍာရေးဝန်ကြီးသည်၊ ကရင်ပြည်နယ်၏ အခွန်တော်ငွေများမှ စုစု ပေါင်းကျပ်ငွေ ၂၀ (ဤအက်ဥပဒေတွင် ဖေါ်ပြထားသည်။) ကို ထုတ်၍၊ ၁၉၅၇ ခု၊ စက်တဘာလ ၃၀ ရက်နေ့၌၊ ကုန်ဆုံးသည့်နှစ် ဆိုင်ရာ အသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

(၂) ပုဒ်မခွဲ (၁) တွင်ခွင့်ပြုထားသည့် ဘဏ္ဍာတော်ခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၅၆ ခုနှစ်၊ ကရင်ပြည်နယ် ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေးအက်ဥပဒေ (၁၉၅၆ ခုနှစ်၊ ကရင်ပြည်နယ် အက်ဥပဒေအမှတ် ၃) နှင့် ၁၉၅၇ ခုနှစ်၊ ကရင်ပြည်နယ် နောက်ထပ်ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရေး၊ အက်ဥပဒေ (၁၉၅၇ ခုနှစ်၊ ကရင်ပြည်နယ် ဥပဒေအမှတ် ၂) များအရ ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲခြင်းများအပြင်၊ နောက်ထပ်သုံးစွဲခြင်း ဖြစ်သည် ဟူ၍ မှတ်ယူရမည်။

**ဇယား**

| အစိုးရဌာန။ | | ခွဲဝေသုံးစွဲသည့်ငွေ။ |
|---|---|---|
| | | ကျပ် |
| အရပ်ရပ်စီရင်အုပ်ချုပ်မှု ... | ... ... | ၂၀ |

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊

နိုင်ငံတော်သမတ၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့ ၁၃၁၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်။

(၁၉၅၇ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်။)

အမိန့်အရ၊

ပါစိန်၊

နိုင်ငံတော်သမတ၏အတွင်းဝန်။

[အမှတ် ၇၆]